## ယာဉ်မှတ်ပုံတင်သက်တမ်း (၂)နှစ်သို့ပြောင်းလဲသတ်မှတ်ခြင်း

၁။ ယာဉ်မှတ်ပုံတင်သက်တမ်း ပြောင်းလဲသတ်မှတ်ခြင်း ကိစ္စနှင့်စပ်လျဉ်း၍ "၆ဂ" အက္ခရာနှင့် အထက် ကိုယ်ပိုင်လူစီးယာဉ်များအား ၁.၇.၂၀၁၅ ရက်၊ သာသနာရေးဆိုင်ရာ (RLG) ယာဉ်၊ သံရုံး/ သံတမန်ပိုင် (CD)ယာဉ်၊ ကုလသမဂ္ဂအဖွဲ့အစည်းပိုင် (UN)ယာဉ်၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းပိုင် (IO)ယာဉ်များမှ ကိုယ်ပိုင်လူစီးယာဉ်ငယ်အုပ်စုဝင် ယာဉ်များအား ၁၂.၆.၂၀၁၇ ရက်များတွင် မှတ်ပုံတင် သက်တမ်း (၁)နှစ်မှ(၂)နှစ်သို့ ပြောင်းလဲသတ်မှတ်ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါသည်။

၂။ ထိုကဲ့သို့ဆောင်ရွက်ပေးမှုကြောင့် ပြည်သူများ ကျေနပ်နှစ်သက်မှုရှိခြင်း၊ အချိန်ကုန်သက်သာခြင်း၊ လုပ်ငန်းချောမွေ့မြန်ဆန်လာခြင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများနှင့် ဆက်သွယ် နေသည့်လမ်းများပေါ်တွင် ယာဉ်ကြောပိတ်ဆို့မှုလျော့နည်းခြင်း အကျိုးကျေးဇူးများရရှိစေခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ယာဉ်ပိုင်ရှင်များ နှစ်စဉ်ယာဉ်စစ်ဆေးမှတ်ပုံတင်ရသည့်လုပ်ငန်း လျော့နည်းသက်သာ စေခြင်း၊ အခြားသောမှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်သူများအတွက်လည်း အချိန်ကြာမြင့်မှုလျော့ကျပြီး မြန်ဆန်လွယ်ကူစွာဆောင်ရွက်နိုင်ခြင်း၊ ရုံးလုပ်ငန်းများလည်း မြန်ဆန်လာခြင်း၊ ယာဉ်ကြောပိတ်ဆို့မှု လျော့ကျသွားခြင်းများ ဖြစ်ပေါ်စေနိုင်သဖြင့် ကျန်အက္ခရာ (၆ဂ အက္ခရာအောက်) ကိုယ်ပိုင်လူစီး ယာဉ်များ၊ အင်ဂျင်ပါဝါ ၆၆၀ စီစီ အထိရှိပြီး တင်အား 1000Kg နှင့်အောက် ကိုယ်ပိုင် Pick Up (ဥပမာ- Hijet,----- စသဖြင့်) ယာဉ်ငယ်များအား မူလမှတ်ပုံတင် သက်တမ်း(၁)နှစ်မှ သက်တမ်း (၂)နှစ်သို့ ၁.၁.၂၀၁၈ ရက်မှ စတင်ပြောင်းလဲသတ်မှတ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြည်သူများအား အသိပေးကြေညာအပ်ပါသည်။